**စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့**

**အစည်းအဝေး(၁/၂၀၂၀) ကျင်းပ**

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၂) ရက်

စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့ အစည်းအဝေး (၁/၂၀၂၀) ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၂၂) ရက်နေ့တွင် စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၌ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်မှအဖွင့်အမှာစကား ပြောကြားခဲ့ပြီး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားရှိရသည့် ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်လျက်ရှိသော စစ်တမ်းများနှင့် ထုတ်ပြန်ခဲ့သောအစီရင်ခံစာများကို Survey Calendar နှင့် Publication Calendar တို့တွင် ထည့်သွင်းထားရှိမှုများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးသို့ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။


Survey Coordination and Statistical Standard Cluster
Meeting (1/2020)





